**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**သထုံခရိုင်/တပ်မဟာ (၁)**

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး သထုံခရိုင်/တပ်မဟာ(၁) စီမံအုပ်ချုပ်မှု နယ်မြေအတွင်းရှိ ပြည်သူလူထု နှင့် စစ်ကောင်စီ ၏ စစ်ဖက်/အရပ်ဖက်ဝန်ထမ်းများသို့ အသိပေး ထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၀) ရက်

၁။ မင်းအောင်လှိုင် ဦးဆောင်သော ဗမာ့တပ်မတော်မှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အဓမ္မ စစ်အာဏာသိမ်းယူခြင်းကြောင့် နိုင်ငံတဝှမ်းလုံးမှ ပြည်သူများက လက်မခံဘဲ ဆန့်ကျင်ခဲ့ကြပါသည်။ အဆိုပါ ပြည်သူလူထု၏ အာဏာဖီဆန် လှုပ်ရှားမှုကို ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးမှ အတိအလင်း ထောက်ခံ အားပေးကူညီလျက်ရှိပါသည်၊ အဆိုပါ အဓမ္မ အာဏာသိမ်းယူမှုကြောင့်လည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ရည်ရွယ်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု များ ရပ်ဆိုင်း နိဂုံးချုပ်ခဲ့ပြီး ဖြစ်သည်။

၂။ အာဏာသိမ်းစစ်ကောင်စီ၏ ပြည်သူလူထုအား ရန်သူသဖွယ် ပစ်မှတ်ထား အကြမ်းဖက် တိုက်ခိုက် သတ်ဖြတ် ဖျက်ဆီးမှုများကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် နှင့် ဘဝလုံခြုံမှုများ ကင်းမဲ့ ကာ ကြီးမားသော ထိခိုက်ပျက်စီးမှုနှင့် ကြုံတွေ့နေရပါသည်၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး သထုံခရိုင်/တပ်မဟာ(၁) ၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူလူထု၏ ဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း နှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်ခြင်းတို့ကို မိမိတို့မှ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပြည်သူလူထုနှင့် အတူတကွ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါ သည်။

၃။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်အညီ နိုင်ငံရေးတွင် ပါဝင်စွက်ဖက်ခြင်း မပြုဘဲ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်သည့် ဖက်ဒရယ်တပ်မတော်သစ်တရပ်အဖြစ် စစ်ဖက်ရေးရာစွမ်းရည်များကို ပိုင်နိုင်ကျွမ်းကျင်သော (Professional) တပ်မတော် သို့ ပြောင်းလဲ တည်ဆောက်ရန် ကေအဲန်ယူ မှ မူဝါဒထားရှိ၍ လုပ်ဆောင်နေပါသည်၊ သို့ဖြစ်၍ ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး သထုံခရိုင်/တပ်မဟာ(၁) စီမံအုပ်ချုပ်မှု နယ်မြေအတွင်း စစ်ကောင်စီ အခြေစိုက် သော တပ်ရင်း၊ တပ်စခန်းများ ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးရပ်တည်ချက်ကို ပါဝင်ပူးပေါင်းနိုင်ရန် တိုက်တွန်း နှိုးဆော်ပါသည်။

၄။ ထို့ကြောင့် စစ်ကောင်စီ၏ စစ်ဖက်/အရပ်ဖက် ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အနေဖြင့် မိမိတို့၏ လုံခြုံရေးအတွက် အောက်ပါ အတိုင်း လိုက်ပါဆောင်ရွက်သွားရန် လိုအပ်သည်။

(က) ပြည်သူလူထုများအနေဖြင့် မိမိဘဝလုံခြုံရေးအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး တွင် တရားဝင် အသိအမှတ်ပြု ပါဝင်ဆောင်ရွက်သွားရန် လိုအပ်သည်။

(ခ) စစ်ကောင်စီ၏ အရပ်ဖက်ဝန်ထမ်းများအနေဖြင့် စစ်ကောင်စီ၏ အုပ်ချုပ်ရေး လုပ်ငန်းများမှ စွန့်ခွာ၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုပြည်သူလူထုနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရန်။

(ဂ) စစ်ကောင်စီ၏ စစ်ဖက် ဝန်ထမ်းများ အနေဖြင့် စစ်ကောင်စီ၏ အမိန့်ပေးမှုမှ စွန့်ခွာပြီး ပြည်သူလူထု၏ လုံခြုံရေးကို အကာအကွယ်ပေးရန် အောက်ပါအချက်များကို ဆောင်ရွက်ရန် လိုအပ်သည်။

- ပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်စေသည့် အမိန့်များအား ဖီဆန်ခြင်း၊
- ရှိသည့်နေရာမှ အာဏာရှင်ဒေါက်တိုင်ဖြိုဖျက်ရန် ဆန့်ကျင်တော်လှန်သော လှုပ်ရှားမှုများတွင် နည်းမျိုးစုံဖြင့် ပါဝင်ကူညီတိုက်ပွဲဝင်ခြင်း။
- ထိပ်ပိုင်း စစ်ဗိုလ်ချုပ်ကြီးများသာ အကျိုးစီးပွား ဖြစ်နေသည့် စစ်တပ်အား စွန့်ခွာကာ ပြည်သူ့ဘက်သို့ ကူးပြောင်းခိုလှုံခြင်း။

၅။ အထက်ပါ ပြည်သူလူထု၏ ဘဝလုံခြုံမှုနှင့် လူမှုဝန်ဆောင်မှုများကို ပေးအပ်ဆောင်ရွက်ရာတွင် ကေအဲန်ယူ ၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်းတွင် ကေအဲန်ယူမှ အပြည့်အဝ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိနယ်မြေအတွင်း ပြည်သူလူထု၏ လူမှုလုံခြုံမှုနှင့် လူမှုဝန်ဆောင်မှုများကို ဆောင်ရွက်လိုသည့် မည်သည့် အဖွဲ့အစည်းမဆို ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အဆင့်ဆင့်သော ကေအဲန်ယူ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆက်သွယ်ပြီး ကေအဲန်ယူ ခရိုင်၏ အသိအမှတ်ပြုမှုဖြင့် ဆောင်ရွက် သွားရန် လိုအပ်သည်။

၆။ သို့ဖြစ်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး သထုံခရိုင်/တပ်မဟာ(၁) စီမံအုပ်ချုပ်မှု နယ်မြေအတွင်းရှိ ပြည်သူလူထုနှင့် စစ်ကောင်စီ၏ စစ်ဖက်/အရပ်ဖက် ဝန်ထမ်းများနှင့်အတူ မည်သည့် အဖွဲ့အစည်းမဆို ထုတ်ပြန်ကြေညာချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ကေအဲန်ယူ၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ တာဝန်ယူမှု တာဝန်ခံမှု ရှိစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ကြေငြာအပ်ပါသည်။

ခရိုင်အမြဲတမ်းကော်မတီ<br>
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး<br>
သထုံခရိုင်/တပ်မဟာ(၁)